၂၉၄
၂၉၄. ၃၃၄
ဥဏ

စိရံတိဋ္ဌတု သဒ္ဓမ္မော

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

ကမ္မဋ္ဌာနာစရိယ ဖြစ်တော်မူသော

## ဥာဏစာဂီမဟာထေရ်

စီရင်ရေးသားအပ်သော

# သိမ်းနည်း အုပ်ချုပ်နည်း

## ဝိပဿနာတရား အားထုတ်နည်း။

ကောဓမ္မော၊ ကောယနော၊ ဘုရားဟော

## ယောဂီတို့ သတိချုပ်ရန်။

...ပ်ကရှ .... .... လယ်တီဆရာတော်။

...ဗ္ဗာန်အထိ .... ဥာဏစာဂီဆရာတော်။

...၊ သတိကြပ်ကြပ်ပြု ...စွန်းလွန်းဆရာတော်။

အဖိုး (၂၅-ပြား)

စာအုပ်ရေ (၂၀၀၀)။

...ရေး ဦးစီးဌာန
...ကြည့်တိုက်

# သိမ်းနည်း-အုပ်ချုပ်နည်း။

၁။ ပျားပန်းစုပ်-ယင်အနာ၊ အပုပ်စုပ်။

ပျားတို့ တံကွာ၊ ပန်း၌သာလျှင်၊ မျှားစွာစုရုံး၊ အရည်သုံး၏၊ x x x မိုက်ဆုံးယင်မှာ၊ အနာအပုပ်၊ ရန်သူလုပ်၍၊ တိုက်စုပ်ယူစား၊ ရန်သူများ၏။

(ဂ=မိုင် ရန်ကုန် ဥဩဏစာဂီ၊ မဟာထေရ် ရေးသောလင်္ကာတည်း)

၂။ ပျားအိုးအိမ်အစာနဲ့ x x ယင်အိုးအိမ်မရှိ—ရှာစားး၏။

ဤလောကတွင်၊ ပျားနှင့်ယင်ကို၊ ချက်မြင်ပုံထား၊ မောင်ရှုစားလော့၊ ပျားကားအုံပြု၊ အရည်စု၍ထားမှုလိမ္မာ၊ နောင်ချမ်းသာ၏ xxx ယင်မှာ သော်တုံ၊ ဝမ်းဝယုံမျှ၊ အုံကာသောက်စား၊ စုမထား၍၊ ရှာငြားမပြတ်၊ မရငတ်၏။

(မဃဒေဝလင်္ကာ)

၃။ ပြင်ဆင်ပုံကြိုက်=ဓါတ်ပုံရိုက်။

ဓါတ်မရိုက်ခင်၊ ကောင်းစွာပြင်မှ၊ ပုံသွင်ကျန၊ ရုပ်သွင်လှသို့၊ မုချမှန်စွာ၊ သံသရာဟု၊ ကမ္ဘာရုပ်ခွင်၊ ဓါတ်အပြင်၌၊ စိတ်စဉ်ကျန၊ ရုပ်သွင်လှ၍၊ ခေမာမြို့နန်း၊ အရောက်မြန်းဘို့၊ ပြင်စမ်းစေချင်၊ ဆုပန်စဉ်ကို၊ ပန်ဆင်လေကွဲ့—နေ့စဉ်တဲ့။

(အရှင်နေက္က ဘိဝံသ၏ လင်္ကာ)

၄။ ကပြကာနီး ပြင်ဆင်နည်း။

ပွဲလမ်းသဘင်၊ လူ့တခွင်ဝယ်၊ ရှင်ရှင်ပျပျ၊ မကကြမို၊ ရှေးနာရီက၊ ကြည်ကြည်လှပ၊ အချိုးကျအောင်၊ ဖို့ကြံပိကြ၊ ပြင်ဆင်ကြနှင့်၊ အလှကြက်သရေ၊ လက်လက်ဝေမှ၊ ကပြကြသည်၊ နယ်တုံးမှီ၊ ကျင့်စေသော်။
(ဂ-မိုင် ဥဘဏာစာဂီ မဟာထေရ်ရေး လင်္ကာ)

၅။ သူ့ကို မကောင်းမကြံကြပါနှင့် အကောင်းသာ ကြံစည်ကြပါ။

သူ့ကိုဘဖန်၊ ယင်ရှိကြံသော်၊ ကိုယ့်ထံမျက်မှောက်၊ ဆင်ရှိရောက်၏။

သူ့ကိုတဖန်၊ အသာကြံသော်၊ ကိုယ့်ထံမျက်မှောက်၊ ကမ္ဘာရောက်၏။

မကောင်းလည်းနည်းတူရ၊ ကောင်းလည်း နည်းတူရ၊ နှစ်ဖက်ရ၊ (လင်္ကာ ဥဘဏာစာဂီ)

၆။ ဝိပဿနာ အားထုတ်ခိုက်၌ မေထုန်ကြီးငယ်၊ ရှစ်ပါး၊ ရှောင်ရှားပါ။

ယှဉ်းစုံမကပ်၊ ပွတ်သပ်မကြူး၊ ရယ်မြူးမရှိ၊ မျက်စိမဆုံ၊ သံမျိုးစုံပြစ်၊ ရှေးဖြစ်မကြံ၊ မောင်နှံငုံ့ရှောင်၊ နတ်ဆောင်မရှယ်၊ ဤရှစ်သွယ် ကြဉ်ဖွယ် မေထုန်ကြီးငယ်တည်း။ (လင်္ကာ) (၁) မေထုန် အကြီးစားကို အများသိကြ၏။ (၂) ပွတ်သပ်သာယာကြခြင်း။ (၃) ရယ်မြူးသာယာကြခြင်း။ (၄) ကြည့်ရှုပြီး သာယာကြခြင်း။ (၅) အသံကိုနားထောင်၍သာယာခြင်း။ (၆)

ရှေးရှေးက ရယ်မောပြောဆိုဘူးသည်ကို ပြန်၍ စဉ်းစားလျက် သာယာကြခြင်း။ (၇) အခြား လင်မယားတို့ နေပုံ၊ ထိုင်ပုံကို အားကျပြီး သာယာကြခြင်း။ (၈) လူနတ်ဗြဟ္မာဆိုတဲ့ ငွေ့အရာကို ပတ္တနာ ဆုတောင်းခြင်းတည်း။ (၁)ကား မေထုန်ကြီးတည်း။ (၂) မှ (၈) အထိ မေထုန်ငယ် (၇)ပါးတည်း။ ဥပုသ်စောင့်တုံး၊ ဝိပဿနာပြုတုံး၌ အထူးရှောင်ရှားကြရန် ဘုရားဟောထားပါသည်။

၇။ စာအုပ်ထဲကတရားနှင့် ခန္ဓာကိုယ်ထဲကတရား သိထား။

အက္ခရာဆား၊ ဆလိန်ဆားကို၊ လျက်ငြား မင်၊ ပုံသဏ္ဍာန်လို၊ စာကတရား၊ စာတရားကို၊ သိငြားတတ်ပြန်၊ (သညာမှန်၏)။ ။ဈေးထဲကဆား အဟုတ်ဆားကို လျက်ငြားကေန်၊ အမှန်သလို၊ ခန္ဓာတရား၊ ရုပ်နာမ်များကို၊ တွေ့ငြားသည့်ဉာဏ် ပညာမှန်၏။

နိဗ္ဗာန်ရောက်ရာ၊ ဘိမ္မာကို၊ ကိုယ်မှာရှုခါ၊ တရားရှာမှ၊ ပညာဉာဏ်ရှိ၊ မှန်ကဝိတို့၊ ပဏ္ဍိတဆို၊ တံခွန်ထူမည့်၊ ရှင်လူအများ၊ သိစေသား။

၈။ ဖခင် ဘေးဘိုး၊ ဆက်နွယ်မျိုးကား၊ မင်းရိုးမင်းသား၊ မဟုတ်ငြားလည်း၊ ယောကျ်ားဟူသည်၊ လူတို့ဘုန်းကား၊ ချိန်ဆုံးခါသင့်၊ ပန်းနှယ်ပွင့်၍၊ ယခင့်မင်းစစ်၊ နန္ဒရာဇ်သို့၊ မင်းဖြစ်ဘိလာ၊ မင်းချမ်းသာနှင့်၊ ကြမ္မာလက်ငင်း ရွှေနန်းတင်၏၊ (ပျို့မှလကာ)။

ဝိသာခါ ၄-နှစ်အရွယ်၊ သမဏေရိမ ၆၇-ပါး။ ၇-နှစ်ရွယ်သာမဏေ ၂၂-ပါး။ ၇-နှစ်ရွယ်တွေဟာ ရုပ်

စကားတောင် စုံစုံလင်လင်မပြောတတ်၊ စာလဲမဖတ်တတ်ကြပါ၊ ရဟန္တာအထိတောင်မှ စာပေကျမ်းဂန် လုံးဝမသိဘဲနှင့်၊ ကိုယ်၌ရှိတာကိုရှု၍ ရဟန္တာဖြစ်ကြပုံကိုသိကြပါဟု၊ လင်္ကာက စောင်းမြောင်း ပြသနေပါသည်။

၉။ ခန္ဓာကိုယ်မကြာပါ၊ ဂုဏ်ပါဝါကမ္ဘာဘာ။

အသက်မကြာ၊ ကိုယ်ခန္ဓာကား၊ တရားအနှစ်၊ ကိုယ်၌ဖြစ်သား၊ ပြန်စစ်နှိုင်းလျော် ကျေးဇူးသော်မူ၊ ကျူးကျော်ကုန်ခမ်း၊ ကမ္ဘာကျမ်းလည်း၊ ဥဒါန်းမကြေ၊ လူ့ပြေ နတ်ရပ်၊ ပဲ့တင်ထပ်လိမ့်။ (ဝိမုရပျို့ ရာဇဝသတီခမ်းမှ)။ ကိုယ်ခန္ဓာအသက်ကား ဇာရာတမ်းမို့ မကြာလှပါ။ ၎င်းခန္ဓာကိုယ်မှ ဖြစ်လာသော သီလ၊ သမာဓိ၊ ပညာဂုဏ်ပါဝါတန်ခိုးကား ကမ္ဘာအသင်္ချေမက၊ ဥဒါန်းတွင်စေရသည်။ (သရီရဿ၊ ဂုဏာနဉ္စ၊ ဒူရံမစ္စာန ကာရဏံ၊ သရီရံခဏဝိဒ္ဓံသီ။ ကပ္ပဋ္ဌာယိနောဂုဏာ) ဂထာ၊ မစ္စာနံ သတ္တဝါတို့၏၊ သရီရဿ၊ ကိုယ်၏၎င်း x x ဂုဏာနဉ္စ၊ ဂုဏ်ကျေးဇူးတို့၏၎င်း၊ ကာရဏံ၊ အကြောင်းအကျိုးသည်၊ ဒူရံ၊ ဝေးလှန်းလှပါ၏။ သရီရံ၊ ကိုယ်သည်၊ ခဏဝိဒ္ဓံသီ၊ ရက်လ, နှစ်တခဏနှင့်ပျက်စီးရ၏။ ဂုဏာ၊ သီလ၊ သမာဓိ၊ ပညာ စသော ဂုဏ်ကျေးဇူးတို့ကား ကပ္ပဋ္ဌာယိနော၊ ကမ္ဘာ့ကမ္ဘာမှာ၊ ရှည်မြင့်ကြာအောင်၊ တည်နေကျော်စောနိုင်ပါ၏။

၁၀။ ပရမတ်ရုပ်နာမ်ကိုမတွေ့ရ၊ မရှုရ၍ သက္ကာယဒိဋ္ဌိကပ်နိုင်တာပါ။

နမ်ရုပ်နှစ်ဇာန်၊ သူဖြစ်ဟန်ကို၊ အမှန်မုချမသိကြ၍၊

ငါထ၊ ငါထိုင်၊ ငါကိုင်၊ ငါသွား၊ ငါစား၊ငါကြည့်၊ ငါသိ၊ ငါမြင်၊ ဓါတ်ဖြစ်အင်ကို ငါပင်မှုချ၊ မှတ်မှားကြသည် သက္ကာယဒိဋ္ဌိ၊ စွဲပုံတည်း၊ အပါယ် ကျပုံအမှားတည်း။

၁၁။ ရုပ်နာမ်ခန္ဓာ၊ ဓါတ်သဘောကို၊ ငါငါ သူသူ၊ လူဘဲ နတ်ဘဲ၊ အထင်လွဲလျက်၊ ငရဲအပါယ်၊ အသွယ်သွယ်၌၊ ဝဋ်နွယ်ရှည်လျှား၊ တခါးမားသည်၊ ခြောက်ပါး ဝိညာဉ်စွမ်းရည်တည်း။

၁၂။ ဖြစ်မှုပျက်မှု၊ ၂ချက်စုတွင်၊ ပျက်မှုဉာဏ်ဝင်၊ မဆင်ချင်ဘိ၊ သန္တတိဟု၊ ဖုံးဖိပညတ်၊ ပယ်ခွာတတ်မှ၊ အနိစ္စကို၊ ဒိဋ္ဌဉာဏ်မြင်၊ ဒိဋ္ဌိစစ်သည်၊ မဂ်ဝင် စခမ်းလမ်းစတည်း။

၁၃။ ဤဘက်ထိုမှာ၊ လူလာနတ်ကုတ်၊ လယ်မြုတ် သောင်တင်၊ဝဲတွင်နစ်စုပ်၊ တွင်းပုပ် နံစော်၊ ဤရှစ်ဖေါ်သည်၊ ရှင်တော် ဟောမြွက် ထုံးပုံတည်း (လင်္ကာ-တုံး ၈-ပါး)။

၁၄။ ဤဘက်အဇ္ဈတ်၊ ရူသဒ်ထိုမှား၊ လူလာဂိဟိ၊ ဘောင်းဘိနတ်ကုတ်၊ လယ်မြုပ်နန္ဒိ၊ မာနီသောင်တင်၊ ဝဲတွင်နစ်စုပ်၊ ကာမယုတ်တည်း၊ တွင်းပုပ် နံစော်၊ ဒုဿီလျော်သည်၊ ရှင်တော်ဟောမြွက်တုံးရှစ်တည်း။ (ပထမလင်္ကာကို နှီကာချဲ့ပြသည်)။

(၁) ဤဘက်အဇ္ဈတ္တိက အာယတန။

(၂) ထိုမှာ ဗာဟိရ အာယတန။

(၃) လူသာမှာ၊ ဂီဟိသံသဋ္ဌ၊ လူရောနေ။
(၄) နတ်ကုပ်၊ လူနတ်ဆုတောင်း။
(၅) လယ်မြုပ် နန္ဒိရာဂရှိနေတာ။
(၆) သောင်တင်၊ မာနကြီးနေတာ။
(၇) ဝဲနစ်စုပ်၊ ကာမဂုဏ်တွယ်နေတာ။
(၈) တွင်းပုပ်၊ ဒုဿီလဖြစ်၍ နေတာ။
ယခုပြသော တုံး (၈)ပါးဟာ နိဗ္ဗာန် သမုဒ္ဒရာထဲသို့ မရောက်တော့ပါ၊ လူနဲ့ယှဉ်ပြပါ။

၁၅။ ရုပ်နာမ်ယာဉ်ကြီး၊ တက်စီးတင်တွင်၊ နိဗ္ဗာန်နန်းမြို့၊ လှမ်းဘို့စီစဉ်၊ ဉာဏ်စဉ်လျှောက်၍၊ တန်းရောက်မည်ပင်၊ ဒုက္ခတုံး၊ လုံးလုံးနိဗ္ဗာန်ဝင်။

၁၆။ ဖြစ်ပျက်ယာဉ်ကြီး၊ တက်စီးတင်တွင်၊ အရိယာမြို့၊ သွားဘို့စီစဉ်၊ ဉာဏ်စဉ်လျှောက်၍၊ တန်းရောက် မည်ပင်၊ ဒုက္ခတုံး၊ လုံးလုံးနိဗ္ဗာန်ဝင်။

၁၇။ ဇာတ်ရုံပွဲတော့ မဲမဲမှောင်မှောင်၊ သူ့ထက်ငါသွား၊ ရှေ့နားရောက်အောင်၊ ကျပ်တန်းကိုကြည့် မျက်စိကြောင်တောင်၊သန်းခေါင်ချင်း၊ လင်းလဲမငိုက်ပေါင်။

၁၈။ ဥပုသ်စောင့်သွား၊ တရားနာခေါ်၊ ဘိတ်ဆုံးနောက်မှ၊ ဒေါင့်ကသူမျှော်၊ မျက်တောင်စင်းလို့၊ မှောက်ရင်းအိပ်ပျော်၊တရားဆုံး၊ တုံးလုံးစက်တော်ခေါ်။

၁၉။ တရားဆုံးပြီး၊ ဘုန်းကြီးကြပြန်၊ စိတ်ရွှင်လန်းလို့၊ တခမ်းညီညီ၊ ဇာတ်စုံခင်းလို့၊ အတင်းဆူညံ၊ ဒီဥပုသ်၊ စိတ်ရှုတ်ချာတေလန်။

၂၀။ ငါ့မြေးတို့ရဲ့၊ ညီးတို့အကုန်၊ ကြည့်ကြပါလား၊ အဖွား
ဖြစ်ပုံ၊ သွားတွေကျိုး၍ တမျိုးတဖုံ၊ ခါးကကိုင်း၊
နားထိုင်းမျက်စိမှုံ။

အင်္ဂလိပ်သိမ်းနည်း အုပ်ချုပ်နည်းကြည့်ပြီး
ဝိပဿနာနဲ့သိမ်းကြ အုပ်ချုပ်ကြပါလေ။

(နိဗ္ဗိန္ဒသံဝေဂ ဘောထပ်)တနေ့တနေ့နဲ့၊ တရွေ့ရွေ့သွင်းယို၊ နောက်ပြန်၍ မပျိုသည်၊ ရှေ့ကိုသာ အိုမြဲ၊ ခါးကုန်းလို့ နားအူသည်၊ မျက်ဝိမှုံသိမှေး၍ မွဲအသားနဲ့ အသွေးချုပြီ ရှေးမတူမူကွဲ၊ အရိုးပေါ်အရေတွဲလို့၊ သွားကျဲ၍ ခေါင်းဖြူ၊ ယိုင်တိုင်တိုင် မခိုင်မြဲ၊ ဒုတ်စွဲလို့ဖေးမ၍ကူ၊ မျောက်အိုနှင့် သဏ္ဍာန်တူသည်၊ ဥာဏ်ကူကာယူဆလို့၊ ဖြူခမ္မရှုဆင်ခြင်၊ လောကမျက်မြင်၊ မမိုက်ကြနဲ့ သူတော်စင်ရယ်၊ ခန္ဓာတွင် ရှုစမ်းကွဲ့လေး၊ (ဥာဏစာဂီရေး) ဇရာကစခ်တိုက်၍ သိမ်းလာပုံနမူနာ၊ ၄င်းနမူနာအရ၊ ဝိပဿနာနှင့် ပြန်တိုက်၍ အောင်ပွဲယူနိုင်ကြပါစေ။

အင်္ဂလိပ်က တို့ကိုတိုက်၍ သိမ်းလာပုံနမူနာများ။

(၁) (အုံး-အင်း-ဗုံး-သံ-ကုလားမြန်- ဝေရံပထမ) လင်္ကာအရ၊ ၁၁၈၆-ခုနှစ်တုံးက၊ မြန်မာပြည်က ပိုင်ဆိုင်သော ရခိုင်ပြည်နှင့် စစ်တကောင်းနယ် အစပ်ရှိ နတ်မြစ်ဝက၊ ဆင်ဖြူခင်မကျွန်းကို အင်္ဂလိပ်ကတိုက်သည်။ မြန်မာတို့ဘက်မှ စစ်သူကြီး ဗန္ဓုလကြောင့်၊ အင်္ဂလိပ်များ ဆုတ်ခွာပြီး တောင်ဘက်က လှည့်ပတ်လာ၍ ရန်ကုန်မြို့ ရွှေတိဂုံ ကုန်းတော်ကို သိမ်းလေသည်။ (ဤကား တိုက်ခိုက်နည်း ပရိယာယ် ဝေဂုစ်သင်္ချိုင်းစာ တခုတည်း)ဆင်ဖြူခင်မကျွန်းတွင် ဗမာဘက်က အား

ကြီး၍ တိုက်ဟန်မျှသာပြုပြီး ၂ဘက်က လူသေ၊ လူနာ၊ လူကုန်ခြင်းကိုမခံစေဘဲ၊ (ဝ၁)သဲသဲမဲမဲကြီး လူကုန်ခံ၍ မတိုက်ဘဲ၊ စစ်၏ ပရိယာယ်နှင့် တောင်ဘက်က လှည့်ပတ်ပြီး ပြင်ဆင်မှုမများသေးသော ရန်ကုန်ဘက်ကလှည့်ပြီး၊ အင်္ဂလိပ်ကတိုက်ခိုက်ရာ၊ ရန်ကုန်မှာ စစ်သားနည်းတုံးမို့ ရန်ကုန်မြို့ကိုရပြီး၊ ရွှေတိဂုံကုန်းတော်၌ တပ်စွဲ၍ ခံတပ်ကြီးပြုပြီး၊ လာဘဲ့ဗမာတွေကို တွန်းလှန်ခနသည်။ ဗမာ များဟာ ဂန္ဒဖြူမြို့ အထိ နောက်ဆုတ်၍ ခုခံရသည်။

ဤတိုက်ခိုက်နည်း၊ ဥပမာပင် ပထမ ဂါတ်နှင့် ဝိပဿနာ အရိယာနယ် တောင်ကုန်းကိုလိုချင်၊ မျက်စိကျပေမဲ့ (ငယ်ထိပ်၌ သတိထား တိုက်ခိုက်ဟန် ပြုပြီး) ခန္ဓာထဲကဒေသိ၊ပူသိ၊ ဆိုတဲ့ ဝိပဿနာအရိယာ နယ်ဘက်သို့လှည့်ပတ်ပြီး တိုက်ခိုက်မှ ဝိပဿနာ အောင်မြေရသည်။(လူပိုန်း သိရှင်းပြရပါမူ) ဆင်မကျွန်းကို တိုက်ခိုက်ဟန်ပြုပြီး ရန်ကုန်ဘက်လှည့်ပြီး သိမ်းသည်၊ အောင်၏၊ ငယ်ထိပ်သတိထား ရှုဟန်ပြုပြီး ခန္ဓာထဲက ဒေသိ၊ ကိုသိမ်းသည် အောင်မြင်၏။

(၂) အင်္ဂလိပ်တို့သည် ရန်ကုန်မြို့နှင့် ရွှေတိဂုံကုန်းတော်ကို အခြေခံပြု၍ ဗမာတွေကိုလိုက်လိုက်ပြီး တိုက်ခိုက် သိမ်းယူ၍လာခဲ့ရာ၊ နေပြည်မြို့၌ မဟာဗန္ဓုလ စစ်သူကြီးမှာ ဗုံးထိမှန်၍ ဗမာတပ်များလန်ပြီး ပြေးကြရာ၊ ရန္တပိုရွာအထိ ရောက်လေသည်။

ဤအခါကျမှ စစ်ပြေငြိမ်းကြရန် စကားပြောရာ၊

ရန္တပိုစာချုပ်ကြီးကို ချုပ်ဆို၍ မဏ္ဍိုပ်ပူရပြည်- အာသန်ပြည်၊ စစ်တကောင်းပြည်၊ ရခိုင်ပြည်၊တနင်္သာရီတိုင်းလုံး၊ ၅-၄ခုနကို အင်္ဂလိပ် အားပေးရမည်။ စစ်ဘင် ကုန်ကျသော စရိတ်ကိုလဲပေးရမည်။ ဗမာ၏ လက်ထဲမှာ၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းကိုထားရမည်။ ။ရှမ်းပြည်နှင့် တောင်တန်းနယ်များကို မထိပါး စေရဟူ၏။ (ဘကြီးတော်ဘုရင်လဲ အားချင်းမတန်လို့ မာန်လျှော့ပြီးအရှုံးပေးရသည်)။ ။ယောဂီ များလည်း ဤဥပမာကဲ့သို့ ငယ်ထိပ်၌ သတိနှင့်တိုက်ဟန်ပြပြီး ခန္ဓာထဲက ဧသီ၊ ပူသိစသော အရိယာနယ့် ပရမတ် နယ်ပယ်ကို သိမ်းပိုက်အခြေခံ၍ လာလာသမျှသော အကုသိုလ်၊ ကိလေသာတို့ကို တစတစနှင့် သိမ်းသိမ်း အုပ်အုပ် ယူယူ လာခဲ့ရာ၊ (ဓ-၂၊၃၊၃၊၄၊၇၊၃၇၊၁၆၊၄၊၄နိ) ပုံစံအတိုင်းပါဘဲ။ (ဓါတ်၊ရုပ်နာမ် ၂-ပါး၊ လက္ခဏာရေး ၃-ပါး၊ ပရိညာ ၃-ပါး၊သစ္စာ ၄-ပါး၊ ဝိသုဒ္ဓိ ၇-ပါး၊ ဗောဓိပက္ခိယ ၃၇-ပါး၊ ဉာဏ်စဉ် ၁၆-ပါး၊ မဂ်၄-ပါး၊ ဖိုလ် ၄-ပါး) နိဗ္ဗာန်အထိ သိမ်းပိုက်အုပ်ချုပ်၍လာကြရပါသည်။

(၃) (အောက်ကအလန့်၊စိုက်ထူပြန့်၊ဝေရံဒုတိယ)ဟူသော လင်္ကာအရ၊ ဟူသော လင်္ကာအရ။ ၁၂၁၄-ခုနှစ်၌ ပုဂံမင်းလက်ထက်တွင် ရန်ကုန်မြို့၌ မြို့စားနှင့်ကုန်သည်တို့၏ မသင့်မတင့်ဖြစ်မှုကစ၍ (ဝါ) အင်္ဂလိပ်ကုန်သည်များက ကျူးကျော်ပြီး စစ်ဖြစ်စေရန် ရန်စနေသည်ကို ရန်ကုန်မြို့စားက သည်းမခံ၊ မရိပ်မိ၊ မပါးနပ်ဘဲ၊ (ဝါ)

အနာခံကာ ရက်၊ လ၊ နှစ် ဆွဲထားပြီး စစ်လက်နက်များမဖြည့်သေးဘဲ၊ မဟာမိတ်များ မဖွဲ့ရသေးဘဲနှင့် မြန်မာများ အပေါ်မှာ မှိုဝန်က အာဏာပြသလို၊ အင်္ဂလိပ်တို့က ရန်စ၍နေသည်ကို မှိုဝန်က အာဏာပြမိ၍ ဒုတိယစစ်ကြီးဖြစ်လာကာ ဗမာက ဒုတိယမှ အရှုံးခံရပြန်၍ သရက်မြို့၊ အောင်လံမြို့၊ အထက်နားအထိ ကျောက်တိုင်စိုက်ထူပြီး ဗမာပြည်တဝက်ကို အင်္ဂလိပ်အား ပေးရပြန်သည်။

(၄) ဤနည်းအတူ ယောဂီများလည်း ခေတ်တပွဲ အောင်မြင်၊ ရုပ်နာမ်ဒုတိယ အောင်မြင်၊ လက္ခဏာရေး ၃-ပါး တတိယ အောင်မြင်၊ ပရိညာ ၃-ပါး၊ စတုတ္ထအောင်မြင်၊ သစ္စာ ၄-ပါး ပဥ္စမအောင်မြင်၍ တိုင်းကြီး ငါးတိုင်းကို သိမ်းပိုက်အုပ်ချုပ်၍ တက်တက်လာတော့သည်။

(၅) (၁၂၁၄-ခုနှစ်ကစ၍ ၁၂၄၇-ခုနှစ်အထိ၊သရက်မြို့၌ ခံတပ်ကြီးတည်၍ ဗမာကလဲမင်းလှမြို့၌ ခံတပ်တခု၊ ငွေချောင်းခံတပ်တခု၊ အင်းဝမြို့အနီး ယခုအင်းဝတံတားကြီးထိပ်၌ သပြေဘန်းခံတပ်ကဲခုတည်၍ နေကြပြန်၏။ ဗမာကား မေ့လျော့၍ နေသည်။ အင်္ဂလိပ်ကား စစ်အတွက် ပြင်ဆင်ဖြည့်တင်း၍ နေသည်။ (ဦးကောင်းလိမ်ထုတ် မင်းဆက်ပြတ်ရန်) တတိယသက်သေနှင့် အညီ၊ ၁၂၄၇-ခုနှစ်၌ မင်းကြီး ဦးကောင်းအား ညောင်ရမ်းမင်းသားကို ပေးမည်။ သီပေါမင်းကို အင်္ဂလိပ်အား ပေးပါဟု မင်းချင်း လဲလှယ်သလို လိမ်၍ ညာ၍ သရက်မြို့မှ မန္တလေးမြို့အထိ သင်္ဘော ၁၂-စင်း၊ဂေါ်ရာ

စစ်သားများနှင့် တက်လာပြီးတော့ ဧဒေဆေးဒေဆးပင် သီဓပေါမင်းနှင့် မိပုရားကိုဖမ်းပြီး အိန္ဒိယပြည် မဒရပ်မြို့၌၊ ၎င်းမှ ဘုံဘေမြို့နယ်အဘွင်း၊ ၎င်းမှ အာရဗီယား ပင်လယ်ထဲမှ ရတနာဂီရိကျွန်း၌ အကျယ်ချုပ်နှင့်ထား၍ ဗမာတပြည်လုံးကို သိမ်းယူ ထားလေသည်။ (အင်္ဂလိပ်တက်၊ မန်းမြို့ပျက်၊ ရန်ဘက်ဘတိယ)ဟူသော လင်္ကာနှင့်အညီ ၁၂၄၇-ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် [၈] ရက်နေ့၌ ဘုံဘေဘားမား သစ်မှုကိစ္စနှင့်ရန်စပြီး စစ်ဖြစ်ခဲ့ရာ၊ တတိယအကြိမ်၌ ဗမာတပြည်လုံးပါသွားခံရသည်။ ၁၁၈၆ ခုနှစ်အာသံ၊ မဏိပူရ၊ စစ်ဘကောင်း၊ ရခိုင်ပြည်၊ တနင်္သာရီ တတိုင်းလုံး အင်္ဂလိပ်က ယူသွားသည်။ ၁၂၁၄-ခုနှစ်၌ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းများကို အင်္ဂလိပ်က ယူပြန်သည်။ ၁၂၄၇-ခုနှစ်၌ ဗမာတပြည်လုံးဟာ အင်္ဂလိပ်များ၏ လက်အောက်၌ ကျွန်သပေါက် ဖြစ်ကြရသည်။ အောက်ဗမာပြည်မှာ (၁၂၃)နှစ်လုံး အင်္ဂလိပ်၏ကျွန်များ ဖြစ်ကြရသည်။ အထက်ဗမာပြည်မှာ (၆၂)နှစ်မျှ အင်္ဂလိပ်၏ကျွန်များ ဖြစ်ကြရသည်။

## အင်္ဂလိပ်က အုပ်ချုပ်ထားပုံနည်းမှာ

(၆) (၁) အင်္ဂလိပ်များအား အထင်အမြင် ကြီးအောင် နေကြ၍ (၂) ဗမာများနှင့် ဆက်ဆံသော အခါမှာကား— စကားချိုသာစွာ၊ မျက်နှာပြုံးရွှင်စွာ ချော့

မြှုကာ အခွန်များကိုပင် ပေါ့ပါးစွာ ကောက်ခံ၍ ၁-ပြားမှ ၂ပြား၊ ၁-ပဲမှ ၂-ပဲ စသည်ဖြင့် တိုးမှန်းမသိ တိုးမြှင့်၍ ကောက်ခံခဲ့သည်။ မျိုပုံ ယဉ်ကျေး သိမ်မွေ့ လှ၏။ တခုပြမည်မှာ ၁၂၆၂-ဆီက ပိုလိုစီးကရက် တဘူးလျှင် ၁-ပဲပေး၍ သောက်ကျရသည်။ ၁၃၀၀ ပြည့်နှစ်မှာ ပိုလိုစီးကရက်တဘူးလျှင် ၁၀-ပြား ပေး၍ သုံးစွဲကြရသည်။ တစတစ မျိုလာပုံ၊ မသိမသာမျိုလာ ပုံတည်း။

## သိမ်းနည်း - အုပ်ချုပ်နည်း။

(၇) ဗမာချားအား အလုပ်ခိုင်း၍ အင်္ဂလိပ်က ငွေရှာပုံ နည်းတခုမှာ—

ပဲခူးနယ်တွင် တောင်မှမြောက်သို့ မိုင် (၁၁၅)မိုင်၊ အရှေ့မှ အနောက်သို့ (၄၀)မိုင်ခန့် အကျယ်အဝန်း နယ်အတွင်း၌ အသင်းပေါင်း (၇၀)မျှ တည်ပေးသည်။ မိမိဥစ္စာမိမိ တောရှင်း၍တအိမ်ထောင်လျှင် ၃၅-ကေမျှ ပတ္တာချ၍ပေးသည်။ ၃-နှစ်အတွင်း ငွေရော၊ နွားရော၊ စားစရာရော ပေးသည်။ ၃-နှစ်အခွန်တော် မပေးရ။

အလျား ၁၁၅-မိုင်၊ အနံ မိုင် ၄၀- အတွင်း၌ အသင်း (၈၀)ချ၍
ရှာနှင့်အသင်းများ ချထားပုံ စည်းစနစ်စံပုံ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ |
| ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ | ၂၅ | ၂၆ | ၂၇ |
| ၂၈ | ၂၉ | ၃၀ | ၃၁ | ၃၂ | ၃၃ | ၃၄ | ၃၅ | ၃၆ |
| ၃၇ | ၃၈ | ၃၉ | ၄၀ | ၄၁ | ၄၂ | ၄၃ | ၄၄ | ၄၅ |

တကွက်လျှင် တသင်း (ဂဏန်း) နေရာ၌ ရှာတည်စေ၍ (၁၄)မျက်နှာ၌ စပါးလယ်ကွင်းသွားရသည်။ စပါးပေါ်လာသောအခါ ၃၀ဝိ-ဈေးနှင့် ကုမ္ပဏီက ဝယ်သည်။ လယ်သမားတွေမှာ ၃-နှစ်လုံး ငွေလဲရ၊ နွားလဲရ၊ အခွန်လဲ မပေးရ၊ လယ်ပိုင်မြေပိုင်လဲရကြသဖြင့် အင်္ဂလိပ်များကို သိကြားမင်းကြီးကဲ့သို့ ထင်မှတ်၍နေကြရသည်။(ဗမာတွေလဲ-ဗမာပါဘဲ) ဖေးသူမသူရ၍ ပစ္စည်းကြွယ်ဝတုန်းမှာ အိုးစားမင်းစား မထားကြဘဲ ပွဲနဲ့ လမ်းနဲ့၊ အရက်ဆိုင်နဲ့ နှစ်ဆောင်ပြိုင်အိမ်နဲ့၊ မြင်းနဲ့၊

စက်ဘီးနဲ့ ပျော်ပျော်ပါးပါး မော်မော်ကြွားကြွား၊ စော်စော်ကားကားနှင့် သတိလင်ပြီးနေကြသည်။ အိန္ဒိယမှချစ်တီးများကိုခေါ်လာ၍ ဆယ်နှစ်ခန့်ကြာလာတော့ ချစ်တီးပိုင် လယ်မြေအိမ်ဂေဟာတွေ ဖြစ်၍ မဲ့ကြ တေကြသည်။

(၁) အသင်းပဏ္ဍာ၊နတ်ရွာမှတ်လို့ပြောင်း။ (၂)ကမြင်းမဘိနပ်စာ ငတ်တာကကောင်း။ (၃) အချင်းချင်း ငတ်ထာ၊ ဗျတ်ရွာလို့တောင်းဟူ၍ တဘောင်ပေါ်နေပါသည်။

(ဂ) ယောဂီများဟာလဲ ရင်းနည်းအတိုင်း(၃၁)ဘုံဆိုတဲ့တောကြီးကို ခုတ်လှဲရှင်းလင်းပြီး အရိယာ လယ်မြေတည်ကြရ၊ မဂ်အိမ်များ ဆောက်ကြရ။ (၁) ဓါတ်၄-ပါးဆိုတဲ့နှစ်ဆောင်ပြိုင် အိမ်ကြီးတွေနဲ့၊(၂)ရုပ်နာမ်၂-ပါးဆိုတဲ့ ၂-ဆောင်ပြိုင်အိမ်ကြီးတွေနဲ့၊(၃)လက္ခဏာရေး၃-ပါးဆိုတဲ့ ၃-ဆောင်ပြိုင် အိမ်ကြီးတွေနဲ့၊ (၄) ပရိညာ ၃-ပါးဆိုတဲ့ ၃-ဆောင်ပြိုင် အိမ်ကြီးတွေနဲ့၊ (၅) သစ္စာလေးဆိုတဲ့လေးဆောင်ပြိုင် အိမ်ကြီးတွေနဲ့၊ (၆) ဝိသုဒ္ဓိ ၇-ပါးဆိုတဲ့ဘုံ ၇-ဆင့်ရှိသော ပြဿဒ်ဗိမာန်တွေနဲ့၊ (၇) ဗောဓိပက္ခိယ ၃၇-ပါးဆိုတဲ့ဘုံ ၃၇-ဆင့် ပြဿဒ်ဗိမာန်တွေနဲ့၊ (၈) ဉာဏ်စဉ်၁၆-ပါးဆိုတဲ့ ၁၆-ဆင့်ရှိသော ပြဿဒ် ဗိမာန်တွေနဲ့၊ (၉) မဂ် ၄-ပါးဆိုတဲ့ နန်းမလေးဆောင်ပြဿဒ်ဗိမာန်တွေနဲ့၊ (၁၀) ဖိုလ် ၄-ပါးဆိုတဲ့ နန်းမလေးဆောင်ပြဿဒ် ဗိမာန်တွေနဲ့၊ (၁၁) နိဗ္ဗာန်ဆိုတဲ့ သခ်ေျပေါင်းတထောင်ရှိသော မဟာရာဇဌာနီ မင်းနေပြည်တော်ကြီးတွေနဲ့နေကြရအောင်ဟာ ဝိဇ္ဇာမင်း၊သမ္မာဒိဋ္ဌိ

ဘုရင်က ပါရမီတွေနဲ့ ဖေးမကူညီ အားပေး၍နေပါသည်။

(၇) မှာ ပုထုဇဉ်များရရှိသော အကူအညီ အစောင့်အရှောက်တည်း။

(၈) မှာ အရိယာများရရှိသော အကူအညီ အစောင့်အရှောက်တည်း။

အင်္ဂလိပ်များ အုပ်ချုပ်တော့ ထားပုံများ။

(၉) ဗမာပြည်ကို အင်္ဂလိပ်တို့ အုပ်ချုပ်တော့၊ ရာဇဝတ်ဝန်ကလေး၊ ရာဇဝတ်ဝန်ကြီးကစ၍ အထက်ကို အရေးပိုင်၊ တိုင်းမင်းကြီး၊ အတွင်းဝန်၊ ဝန်ကြီး၊ နန်းရင်းဝန်၊ ဘုရင်ခံအထိ အင်္ဂလိပ်ပြည်က လာကြ၍ အင်္ဂလိပ်များပင် အုပ်ချုပ်၍ နေစေသည်။ ဗမာမှာ အမြင့်ဆုံး မြို့ပိုင်၊ မြို့အုပ်ကစ၍ အောက်ကို တိုက်ပိုင်၊ ရွာသူကြီး၊ ဆယ်အိမ်ခေါင်း၊ စာရေးကြီး၊ စာရေးကလေးမျှသာ အုပ်ချုပ်စေခဲ့ပါသည်။

(၁၀) ယောဂီတို့မှာလည်း ခန္ဓာပူရ တိုင်းပြည်ကြီးကို လောကုတ္တရာနယ်မှ ရောက်လာကြပြီး (၁)ပညာဆိုတဲ့ ဝိဇ္ဇာ၊ သမ္မာဒိဋ္ဌိ ဉာဏ်တို့က ဘုရင်လုပ်၍ (၂)သမ္မာ သင်္ကပ္ပဆိုတဲ့ ဝိတက်တို့က ဝန်ကြီးတွေလုပ်၍ (၃)သမ္မာဝါစာတို့က အတွင်းဝန်တွေလုပ်၍ (၄) သမ္မာ ကမ္မန္တတို့က အတွင်းဝန်ကလေးတွေလုပ်၍ (၅)သမ္မာ အာဇီဝတို့က တိုင်းမင်းကြီးတွေလုပ်၍ (၆)သမ္မာဝါယမတို့ကအရေးပိုင်လုပ်၍ (၇)သမ္မာသတိတို့က ရာဇဝတ် ဝန်ကြီးတွေလုပ်၍(၈)သမ္မာသမာဓိတို့က ရာဇဝတ် ဝန်ကလေးတွေ

လုပ်၍ စိုးအုပ်ကြပေသည်။ မဂ္ဂင်ရှစ်ပါး၊ ဗေါဓိ ပက္ခိယ ၃၇-ပါး၊ ဗေါဇ္ဈင် ၇-ပါး၊ လောကုတ္တရာ ဘက်က တရားသို့မဝင်သော+×* ပညတ်နယ်က သမထ ၄၀၊ ဝိဇ္ဇာ၊ အဘိညာဉ်သမာပတ်ချာန်ကိုး ဈာန်များကိုတော့ မြို့အုပ်လောက်၊ မြို့ပိုင်လောက်၊ တိုက်ပိုင်လောက်၊ ဌာနအုပ်လောက်၊ အင်စပက်တော်လောက်၊ ရွာသူကြီး လောက်၊ ဆယ်အိမ်ခေါင်းလောက်၊ နေရာများ၌ ခန့်ထား အလုပ်ကို ပေးနေပါတော့သည်။

(၃၁) ဘုံမှထွက်လမ်း ကျွတ်လမ်း၊ လွတ်လမ်းမှာ ခန့်ထားကြပုံ ကြည့်ပါဦး။

(၀-၂-၃-၄-၇-၃၇-၁၆း၄-၄-န) ဓါတ်ရှု ရုပ်နာမ် နှစ်ပါး လက္ခဏာရေး ၃-ပါး ပရိညာ ၄-ပါး သစ္စာ ၄-ပါး ဝိသုဒ္ဓိ ၇-ပါး ဗောဓိပက္ခိယ တရား ၃၇-ပါး ဉာဏ်စဉ်၁၆-ပါး မဂ်၄-ပါး ဖိုလ်၄-ပါး နိဗ္ဗာန် အထိ ခန့်ထားတက်သွားကြသည်။

(၁) ဝိပဿနာက အရိယာခန္ဓာကိုယ်ထု လုပ်ပေး သည်။

(၂) သမထကတန်ခိုးတေဇော် အာနုဘော် သတ္တိ ဗျတ္တိပေးသည်။

(၃) သီလက လှလှပပ ချောချော မွှေ့မွှေ့ ပြု ပေးသည်။

(၄) ဒါနက၊ ဇောတိက၊ ဇဋိလ မေဏ္ဍက၊ နေဥ္စယ ပုဏ္ဏ၊ကာကဝလ္လိယတို့လို သူဌေးဘဝနှင့် ကြွယ်ကြွယ် ဝဝပြုပေးသည်။ အဲဒါလေးဘက် လေးတန်ဘဲ။

ဥာဏစာဂီ ဆရာတော်ဘုရား ရေးသားသော စာအုပ်များကို
ကူးယူပုံနှိပ်ခွင့်မပြု။

# ဥာဏစာဂီ မဟာထေရ်
## သာသနာပြုခဲ့ရာ

အဖွဲ့ကြီး-လတ်-ငယ် ပေါင်း (၄၁၄)

စာအုပ်ပေါင်း (၁၃၁၉၂၅၅)

ဓမ္မစေတီပေါင်း (၁၁၁၃၆၀၇၉၃၈၆၆)

စာရွက်ချုပ်ရေ (၁၅၉၁၁၅၀)

ဓမ္မစေဘီပေါင်း (၅၅၃၈၇၆၆၆၀၀)

ယောဂီပေါင်း (၆) သန်း ၅ - သိန်းကျော်

၁၃၀၀-ပြည့်နှစ်၊ တော်သလင်းလပြည့်နေ့ကစခဲ့သည်။

(နတ်လူသာဓု ခေါ်စေသော်)။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုသည့်အမှတ် (၂၆၀၀)။

ပုံနှိပ်ထုတ်ဝေသည်။ (မောင်အောင်မြင့်) (မြဲ-၀၄၉၄)။
ကင်းလွတ်ခွင့်အမှတ် (၀၆၅၀)။
မြင့်စာပုံနှိပ်တိုက်၊ အမှတ်-၉၀၇၊ ဇီဇဝါလမ်းမကြီး
(၂) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့။